# Burmese Democratic Futures Working Group – BDFWG

# University of Virginia

## Weekly Summary (August 01 - 07, 2024)

## ဩဂုတ်လ ပထမအပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံအနှံ့အပြားတွင် ဩဂုတ်လ ပထမအပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၄၉ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် သံဃာ ၁ ပါး၊ ကလေး ၂ ဦးနှင့် အမျိုးသမီး ၆ ဦး ပါဝင်ပါသည်။
- ရှမ်းပြည်နယ် မြောက်ပိုင်းတွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၁၈ ဦး သေဆုံးခဲ့ပါသည်။ မန္တလေးတိုင်းတွင် ၁၅ ဦး၊ ။ ရခိုင်ပြည်နယ်တွင် ၅ ဦး၊ စစ်ကိုင်းတိုင်းတွင် ၃ ဦး၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် တနင်္သာရီတိုင်းတွင် ၂ ဦးစီတို့ ဖြစ်ပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၈ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၃၃ ဦး၊ သတ်ဖြတ်ခံရမှုကြောင့် သေဆုံးသူ ၈ ဦး ဖြစ်ပါသည်။

### မီးရှို့ဖျက်ဆီးမှုများ

- မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၅၈ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

### ဖမ်းဆီးခံရမှုများ

မြန်မာနိုင်ငံအနှံ့အပြားတွင် ဩဂုတ်လ ပထမအပတ်အတွင်း အရပ်သားပြည်သူ ၅၈ ဦး ဖမ်းဆီးခံခဲ့ရသည်။ ရခိုင်ပြည်နယ်တွင် ၅၄ ဦး၊ ဧရာဝတီတိုင်းတွင် ၃ ဦးနှင့် ပဲခူးတိုင်းတွင် ၁ ဦးတို့ ဖြစ်ကြပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

မြန်မာနိုင်ငံ အနှံ့အပြားတွင် ဩဂုတ်လ ပထမအပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၆၃ ကြိမ်ပြုလုပ်ခဲ့ပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၂၆ ကြိမ်၊ မကွေးတိုင်းတွင် ၁၈ ကြိမ်၊ မန္တလေးတိုင်းတွင် ၁၁ ကြိမ်၊ ချင်းပြည်နယ်တွင် ၅ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၂ ကြိမ်နှင့် စစ်ကိုင်းတိုင်းတွင် ၁ ကြိမ်တို့ ဖြစ်ပါသည်။

## ဩဂုတ်လ ပထမအပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

**တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု**

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ပထမအပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၅၂ ကြိမ် ဖြစ်ပွားခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၁၅ ကြိမ် ဖြစ်ပွားခဲ့သည်။ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၆ ကြိမ်စီ ဖြစ်ပွားခဲ့သည်။ မကွေးတိုင်းတွင် ၄ ကြိမ်၊ ပဲခူးတိုင်း၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၃ ကြိမ်စီ ဖြစ်ပွားခဲ့သည်။ မွန်ပြည်နယ်တွင် ၂ ကြိမ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁ ကြိမ်တို့ ဖြစ်ပါသည်။ ဧရာဝတီတိုင်း၊ကရင်နီပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲ ဖြစ်ပွားခြင်း လုံးဝမရှိပါ။

ဩဂုတ်လ ပထမအပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၁၀၈ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့မှ ၂ ဦး ကျဆုံးခဲ့ပါသည်။

## ၁၀၂၇ စစ်ဆင်ရေး အပိုင်း (၂)

**MDY-PDF နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- ဩဂုတ် ၁ ရက်တွင် မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်၊ မိုးကုတ် - မန္တလေးလမ်းပိုင်းရှိ ချောင်းကြီး ရဲစခန်းအား PDF များက ဘူဒိုဇာပါသုံး၍ တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

**TNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့ရှိ စစ်ကောင်စီ၏ လက်ကျန်တပ်ရင်းများဖြစ်သည့် ခြေမြန်တပ်ရင်း ခမရ (၅၀၁)၊ ခမရ(၅၀၂) ဌာနချုပ်နှင့် စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် စကခ (၁)တို့ကို TNLA က ဩဂုတ် ၆ ရက်တွင် သိမ်းပိုက်နိုင်ခဲ့ပြီး စစ်ကောင်စီဘက်မှ လေကြောင်းအသုံးပြုတိုက်ခိုက်ခဲ့သည်။

**MNDAA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးရှိ စစ်ကောင်စီ၏ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကြီး (ရမခ)၏ ဗဟိုကင်းကို ဩဂုတ် ၁ ရက်တွင် ကိုးကန့်တပ် (MNDAA) နှင့်ပူးပေါင်းတပ်ဖွဲ့များက ဝင်ရောက်စီးနင်းတိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့ပြီး ဩဂုတ် ၂ ရက်တွင် ရမခထဲမှ အင်အားရာကျော်သည် မိသားစုများနှင့်အတူ လက်နက်ချ အလင်းဝင်ခဲ့သည်။
- ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ အခြေစိုက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်(ရမခ)ကို MNDAA ဦးဆောင်သော မဟာမိတ်တပ်များက ဩဂုတ် ၃ ရက်တွင် အပြီးသတ်သိမ်းပိုက် ရရှိခဲ့သည်။

**ဩဂုတ်လ ၁ ရက်နေ့မှ ၇ ရက်နေ့အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**

| Data of Myanmar Conflict 01-07, August 2024 | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **AYEYARWADY** | | | | | | | 3 | | |
| **BAGO** | 3 | | 12 | | | 2 | 1 | | 15 |
| **CHIN** | 3 | 5 | | | | | | | |
| **KACHIN** | 3 | | | | | | | | |
| **MAGWAY** | 4 | 18 | 24 | 2 | | 2 | | | 41 |
| **MANDALAY** | 6 | 11 | 16 | | 2 | 15 | | | |
| **MON** | 2 | | | | | | | | |
| **RAKHINE** | 3 | 2 | | | | 5 | 54 | | |
| **SAGAING** | 6 | 1 | 15 | | | 3 | | | |
| **SHAN (North)** | 15 | 26 | | | | 18 | | | 2 |
| **SHAN (South)** | 1 | | 15 | | | 2 | | | |
| **TANINTHARYI** | 6 | | 26 | | | 2 | | | |
| **TOTAL** | **52** | **63** | **108** | **2** | **2** | **49** | **58** | | **58** |

## Map of Myanmar Conflict ( August 01-07, 2024 )



# ဩဂုတ်လ ပထမအပတ်အတွင်း အခြားသိမှတ်ဖွယ်သတင်းများ

## စစ်ခေါင်းဆောင်အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် တွေ့

မင်းအောင်လှိုင်၏ အထူးကိုယ်စားလှယ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံသို့ စေလွှတ်သည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ဝန်ကြီး ဦးကိုကိုလှိုင်သည် ဩဂုတ် ၁ ရက်က ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒတ်မဟာပဝရဓိပတိ ဟွန်မာနိုက်ကို ငြိမ်းချမ်းရေးနန်းတော်တွင် သွားရောက် တွေ့ဆုံခဲ့သည်။

## စစ်ကောင်စီအတွက် စစ်ကူပေးရန် USDP ပါတီက ရုရှားထံ အကူအညီတောင်း

ဦးခင်ရီ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) သည် အာဏာသိမ်း စစ်ကောင်စီကို စစ်ကူပေးရန် ရုရှားအား တောင်းဆိုခဲ့ကြောင်း Sputnik သတင်းဌာနက ဩဂုတ်လ ၄ ရက်နေ့တွင် သတင်းဖော်ပြခဲ့သည်။

## လူ့ဘောင်သစ်ပါတီ (NSP) နဲ့ ZCD ပါတီမှတ်ပုံတင်ပြန်လည်လျှောက်ထားမှု စစ်ကောင်စီ ငြင်းပယ်

လူ့ဘောင်သစ်ပါတီ (NSP) နဲ့ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့ရဲ့ ပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်ကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆ ပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိဟုဆိုကာ ငြင်းပယ်လိုက်ခြင်းဖြစ်သည်ဟု ဩဂုတ် ၅ ရက်မှာ စစ်ကောင်စီ၏ ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည်။ ZCD ပါတီသည် ချင်းနိုင်ငံရေးပါတီများထဲမှ ပထမဦးဆုံး ပါတီမှတ်ပုံတင် ပြန်လည်လျှောက်ထားသည့် ပါတီဖြစ်သည်။

## နေပြည်တော်နှင့် ရန်ကုန်မြို့တော်ခန်းမတွင် စစ်တပ်ထောက်ခံပွဲနှင့် MNDAA ဆန့်ကျင်ပွဲ ပြုလုပ်

ဩဂုတ် ၆ ရက်တွင် စစ်ကောင်စီက စစ်တပ်ထောက်ခံပွဲနှင့် MNDAA ဆန့်ကျင်ပွဲများပြုလုပ်ရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပြီး ဆန္ဒပြပွဲများအတွက် လိုအပ်သောလူများ သယ်ယူပို့ဆောင်ရေး ယာဉ်ကားများ စီစဉ်ပေးရန်၊ ရေသန့်ဘူးနှင့်ထမင်းဘူးများ စီစဉ်ပေးရန် သက်ဆိုင်ရာတိုင်းနှင့်ပြည်နယ် စစ်ကောင်စီများကို ညွှန်ကြားခဲ့သည်။ ရန်ကုန်မြို့တော်ခန်းမရှေ့တွင် ဝါစိမ်းနီ အလံများ၊ စစ်တပ်အလံများ ကိုင်ဆောင်ထားသော စစ်တပ်ထောက်ခံသူများက MNDAA ဆန့်ကျင်ရေး ဆန္ဒပြခဲ့ကြသည်။

## စစ်ကောင်စီ ရဟတ်ယာဉ်တစ်စင်း ပျက်ကျ

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်အခြေစိုက် စစ်ကောင်စီ လေတပ်စခန်းကနေ ယူရိုကော်ပတာ (Eurocopter) အမျိုးအစား ရဟတ်ယာဉ်တစ်စင်းဟာ ဩဂုတ် ၂ ရက်မှာ ပျံသန်းပြီးမကြာခင် ပျက်ကျခဲ့ပြီး တောင်ပိုင်းတိုင်း လေတပ်ကွပ်ကဲမှု ဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်ချုပ် စိုးတင်လတ်နဲ့ တွဲဖက်လေယာဉ်မှူးတစ်ဦး သေဆုံးခဲ့ပြီး ရဟတ်ယာဉ်မှာလိုက်ပါလာတဲ့ နောက်ထပ် အရာရှိနှစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

## တရုတ်ပိုင်တကောင်းနီကယ်စက်ရုံကို PDF သိမ်းပိုက်၊ NUG နှင့်တရုတ် စက်ရုံအနာဂတ်အတွက် ဆွေးနွေးနေ

တရုတ်နိုင်ငံပိုင် သတ္တုတူးဖော်ရေးကုမ္ပဏီက အမေရိကန်ဒေါ်လာ ၈၅၅ သန်း ရင်းနှီးမြှုပ်နှံထားသည့် စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ်ထဲမှ တကောင်းနီကယ်စက်ရုံကို PDF များက စစ်ကောင်စီလက်ထဲမှ ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းက သိမ်းပိုက်ခဲ့သည်။ စီမံကိန်းအတွင်း တပ်စွဲထားသည့် စစ်ကောင်စီတပ်သား ၅၀ ခန့်က လက်နက်ချမည်ဟု ဇူလိုင်နောက်ဆုံးသတင်းပတ်အတွင်း PDF များထံ ကမ်းလှမ်းခဲ့သည်။ ထိုအညှဲ့ခံမှုအတွက် တရုတ်နိုင်ငံဘက်ကလည်း ကြားဝင်ဆွေးနွေးရန် NUG ထံ ဆက်သွယ်လာကြောင်း၊ စက်ရုံအနာဂတ်အတွက် တရုတ်နိုင်ငံဘက်မှ ကိုယ်စားလှယ်များနှင့် ၎င်းတို့အကြား ဆွေးနွေးနေကြောင်း NUG ထံမှတဆင့် သိရှိရသည်။

## ငွေလဲလုပ်ငန်းလုပ်ကိုင်သူ တစ်ရာနီးပါးကို စစ်ကောင်စီ ဖမ်းဆီးအရေးယူ

မြန်မာကျပ်ငွေတန်ဖိုး တစ်ရှိန်ထိုးကျဆင်းနေပြီး အမေရိကန်ဒေါ်လာဈေးနှုန်း အဆမတန်မြင့်တက်ခဲ့တဲ့ နောက် တရားမဝင် နိုင်ငံခြားငွေလဲလှယ်သူ ၉၃ ဦးကို အရေးယူလိုက်တယ်လို့ စစ်ကောင်စီ ဗဟိုဘဏ်က ဩဂုတ် ၁ ရက်နေ့မှာ ထုတ်ပြန်ပါတယ်။ ဖမ်းဆီးရမိထားသူတွေရဲ့ ဘဏ်ငွေစာရင်းနဲ့ ငွေကြေးလွှဲပြောင်းမှု တွေကို စိစစ်နေပြီး ငွေရေးကြေးရေး အဖွဲ့အစည်းဥပဒေနဲ့ အရေးယူမယ်လို့လည်း ဆိုပါတယ်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလကနေ ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁ ရက်အထိ ဗဟိုဘဏ် စည်းမျဉ်းတွေကို မလိုက်နာတဲ့ နိုင်ငံခြားငွေ လုပ်ငန်း ၁၉၄ ခုကိုပါ လုပ်ငန်းလိုင်စင် ရုပ်သိမ်းခဲ့တယ်လို့လည်း ဖော်ပြထားပါတယ်။

**MNDAA ဦးဆောင်တဲ့ ပူးပေါင်းတပ်တွေက အကြမ်းဖက်စစ်တပ်ရဲ့ ရမခ ဌာနချုပ်က ဗိုလ်ချုပ်၊ ဗိုလ်မှူးချုပ် တွေကို အရှင်ဖမ်းမိ**

MNDAA ဦးဆောင်တဲ့ ပူးပေါင်းတပ်တွေက စစ်တပ်ရဲ့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကို သိမ်းပိုက်ပြီးတဲ့နောက် ကျန်ရှိနေတဲ့ တိုင်းမှူးဟောင်း ဗိုလ်ချုပ်စိုးတင့်၊ ဗိုလ်မှူးချုပ် သန့်ထင်စိုး၊ ဗိုလ်မှူးချုပ် မျိုးမင်းထွေး တို့ကို အရှင်ဖမ်းဆီးရမိခဲ့ပါသည်။

**ကန်ပက်လက် ဝန်ထမ်း ၈၈ ဦး CDM ဝင်**

ချင်းပြည်နယ် တောင်ပိုင်း ကန်ပက်လက်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့က စစ်ကောင်စီဝန်ထမ်းများအား ရက်ပေါင်း ၆၀ အတွင်း နောက်ဆုံးထား CDM လုပ်ရန် မေ ၉ ရက်က သတိပေးခဲ့ရာ ဇူလိုင် ၃၁ ရက်တွင် Non CDM ဝန်ထမ်း ၈၈ ဦး CDM ပြုလုပ်ခဲ့သည်။

**စစ်ကောင်စီ၏ သန်းခေါင်းစာရင်းကောက်ယူရေး ထိုင်း ကူညီမည်ဟုဆို**

စစ်ကောင်စီ၏ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးလုပ်ငန်းများအပေါ် လိုအပ်သည်များကို ထိုင်းနိုင်ငံက ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဟု မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး H.E. Mr. Mongkol Visitstump က ဩဂုတ် ၆ ရက်တွင် နေပြည်တော်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးမြင့်ကြိုင်နှင့် တွေ့ဆုံစဉ် ပြောသည်။

**ကိုးကား - The Irrawaddy, RFA, Ayeyarwaddy Times, Myanmar Pressphoto Agency, PVTV, Khit Thit Media, Narinjara, Mizzima, Myanmar Now, DVB, BBC, MeKong News, ThanLwin Times, D Day News, Khonumthung Burmese.**

## အသေးစိတ်အချက်အလက်များ

### မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံအနှံ့အပြားတွင် နေအိမ် ၅၈ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- ဩဂုတ် ၁ ရက်တွင် ပဲခူးတိုင်း၊ ပေါက်ခေါင်းမြို့နယ်၊ လှည်းကူးကျေးရွာအုပ်စုရှိ တက်ကောတဲတိုက်ကို စစ်တပ်က ဝင်ရောက်စီးနင်းပြီး ပြည်သူ ၂ ဦးကို မီးရှို့သတ်ဖြတ်ကာ နေအိမ် ၁၅ လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။

- မကွေးတိုင်း၊ ဆောမြို့နယ်တွင် ဩဂုတ် ၃ ရက်က တိုက်ပွဲဖြစ်ပွားခြင်းမရှိပဲ ကျောက်ထုမြို့အမြောက်တပ်မှ စစ်သားများက အနိမ့်ကျေးရွာရှိနေအိမ် ၁၈ လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။

- ဩဂုတ် ၆ ရက်တွင် မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်ရှိ ကိုရင့်ကျေးရွာကို စစ်ကောင်စီတပ်ဝင်ရောက်ပြီး နေအိမ် ၂၃ လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ကို စစ်ကောင်စီတပ်က ဩဂုတ် ၅ ရက်မှာ လေကြောင်းကနေ ၄ ကြိမ်ထက်မနည်း ဗုံးကြဲတိုက်ခိုက်ခဲ့လို့ ၆ ဦးထက်မနည်း သေဆုံးပြီး နေအိမ် ၂ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

### ဖမ်းဆီးခံရမှုများ

- ဧရာဝတီတိုင်း၊ ဇလွန်မြို့နယ်မှာ ဩဂုတ် ၄ ရက်နဲ့ ၅ ရက်က PDF တွေကို ဆက်သွယ်ထောက်ပံ့တယ်လို့ စွပ်စွဲပြီး အမျိုးသမီးတယောက် အပါအဝင် အရပ်သား ၃ ဦးကို စစ်ကောင်စီတပ်နဲ့ ရဲတွေက ဖမ်းဆီးခဲ့ပါသည်။

- ပဲခူးတိုင်း၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ဇီးဒိုင်းကျေးရွာ အုပ်စု၊ အိုးကုန်းကြီး လေးအိမ်စုရွာရှိ တပ်ပြေး အမျိုးသားတစ်ဦးကို ဇူလိုင် ၂၉ ရက်တွင် စစ်ကောင်စီက လာရောက်ဖမ်းဆီးစဉ် မရှိသည့်အတွက် ဇနီးဖြစ်သူကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

- ဇူလိုင် ၃၁ ရက်တွင် ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့သို့ လစာထုတ်၍ ပြန်လာသည့် သူနာပြုဆရာမ ၂ ဦး၊ ကျောင်းဆရာမတစ်ဦးနှင့် အရွယ် မရောက်သေးသည့် ကလေးငယ်တစ်ဦးတို့ကို စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့သည်။

- ဩဂုတ် ၄ ရက်တွင် စစ်တပ်က ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ မင်းဂံရပ်ကွက်များနှင့် မြို့ထဲရပ်ကွက်များမှ အပြစ်မဲ့ အရပ်သား ပြည်သူ ၅၀ ဦးထက်မနည်း ဖမ်းဆီးခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ကလေးမြို့၊ စမ်းမြို့ရပ်ကွက်မှာ ဇူလိုင်လ ၃၀ ရက်နေ့က အမျိုးသားနှစ်ဦးကို စစ်ကောင်စီတပ်က ဖမ်းဆီးသွားခဲ့သည်။

**အသတ်ခံရမှုများ**

- ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်မြောက်ပိုင်းမှာ ဇူလိုင် ၃၁ ရက်က ARSA လက်နက်ကိုင်အဖွဲ့က သေနတ်နဲ့ ပစ်ခတ်တဲ့အတွက် ကျောင်းဆရာမတစ်ဦးနှင့် အမျိုးသား ၄ ဦးသေဆုံးခဲ့ပါသည်။

- ဩဂုတ် ၂ ရက်တွင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ ညောင်ဖြူပင်ရဲစခန်းမှ ကင်းထွက်လာသည့် စစ်ကောင်စီတပ်သည် ညောင်ဖြူပင်ရွာသားတစ်ဦးကို အကြောင်းမဲ့ ပစ်သတ်ခဲ့သည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

- ဇူလိုင် ၃၁ ရက်တွင် ချင်းပြည်နယ်တောင်ပိုင်း၊ မင်းတပ်မြို့နယ် မင်းတပ်-မတူပီလမ်းမကြီးတလျှောက်အား စစ်ကောင်စီက တိုက်လေယာဉ်ဖြင့် နှစ်ကြိမ်ထက်မနည်း ဗုံးကျဲတိုက်ခိုက်ခဲ့သောကြောင့် ပြည်သူ တဦးထိခိုက်ကာ နေအိမ် (၂) လုံး ပျက်စီးခဲ့သည်။

- ဩဂုတ် ၆ ရက်တွင် ချင်းပြည်နယ်၊ ထန်တလန်မြို့တွင်း၌ တိုက်ပွဲ ဆက်လက်ဖြစ်ပွားနေကာ စစ်ကောင်စီတပ်က ဂျက်ဖိုက်တာ သုံးစီးဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

- မကွေးတိုင်း၊ ဆိပ်ဖြူမြို့နယ်က ရွာသစ်ရွာကို စစ်ကောင်စီတပ်က ဩဂုတ် ၃ ရက်မှာ ဒရုန်းနဲ့ ဗုံးသီးချ တိုက်ခိုက်ခဲ့တာကြောင့် အမျိုးသမီးတစ်ဦး သေဆုံးပြီး ဆယ်ဦး ဒဏ်ရာရခဲ့ပါသည်။

- ဩဂုတ် ၄ ရက်တွင် မကွေးတိုင်း၊ ပခုက္ကူမြို့၊ တပ်မ ၁၀၁ မှ ထွက်ခွာလာသော စစ်ကား ၂ စီးကို မိုင်းဆွဲ တိုက်ခိုက်ခဲ့ရာ စစ်သား ၁၁ ဦးသေဆုံးပြီးနောက် စစ်တပ်က ကျေးရွာများကို လေကြောင်းဖြင့် ၂ ရက် ဆက် ဗုံးကျဲ တိုက်ခိုက်ခဲ့သည်။

- ဩဂုတ် ၅ ရက်နှင့် ၆ ရက်တို့တွင် မြိုင်မြို့နယ်မြောက်ပိုင်းရှိ ကျေးရွာများကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ Mi-35 ဖြင့် ပစ်ခတ်ခြင်း၊ ဂျက်ဖိုက်တာဖြင့် ဗုံးကြဲခြင်း၊ Y-12 ဖြင့် ကလစ်စတာဗုံးများကြဲချခြင်းတို့ကို ၁၅ ကြိမ်ထက်မနည်း ပြုလုပ်ခဲ့သည်။

- ဇူလိုင် ၃၁ ရက်နှင့် ဩဂုတ် ၁ ရက်တွင် မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီးကျေးရွာကို စစ်တပ်က Y 12 လေယာဉ်ဖြင့် ၂ ရက်ဆက် ဗုံးကျဲတိုက်ခိုက်ခဲ့သည်။

- ဩဂုတ် ၄ ရက်တွင် မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်ရှိ ကံတောင်ရွာ၊ ကျည်တောက်ပေါက်ရွာနှင့် နွယ်ရုံ ရဲကင်းစခန်းအနီး ပတ်ဝန်းကျင်ကို စစ်တပ်က ဂျက်ဖိုက်တာ ၄ စီး၊ MI - 35 ၁ စီးနဲ့ လေကြောင်းမှ ဆက် တိုက် ဗုံးကျဲတိုက်ခိုက်ခဲ့သောကြောင့် ကလေးငယ် ၂ ဦးအပါအဝင် ပြည်သူ ၁၃ ဦးသေဆုံးပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

- မန္တလေးတိုင်း၊ စဥ့်ကူးမြို့နယ်ကို စစ်ကောင်စီက ဩဂုတ် ၆ ရက်တွင် လေကြောင်းထပ်မံတိုက်ခိုက်ခဲ့၍ ပြည်သူတစ်ဦး သေဆုံးကာ စာသင်ကျောင်းနှင့်ပုဂ္ဂလိကဆေးရုံ ပျက်စီးခဲ့သည်။

- ဩဂုတ် ၆ ရက်တွင် Y-12 ဖြင့် မန္တလေးတိုင်း၊ မတ္တရာမြို့နယ် အနောက်ခြမ်း မြစ်ကမ်းရိုးတစ်လျှောက် နှင့် ရေလယ်ကျွန်းပေါ်ရွာများပေါ်သို့ စစ်ကောင်စီက ဗုံးသီးအများအပြားကြဲ၍ လေကြောင်း တိုက် ခိုက်ခဲ့သည်။

- ဩဂုတ် ၆ ရက်တွင် မန္တလေးတိုင်း၊ မတ္တရာမြို့နယ်ရှိ Alpha ဘိလပ်မြေစက်ရုံနှင့် ကျေးရွာများကို စစ်တပ်က လေကြောင်းဖြင့် ၈ ကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

- ဩဂုတ် ၆ ရက်တွင် မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ် ရွှေတွင်းတွင် အင်အား ၃၀ ဖြင့် စခန်းချထားသောတပ်ကို MDY-PDF က တိုက်ခိုက်ရာ လေတပ်နှင့် အခြားစစ်စခန်းတစ်ခုက ပြင်းပြင်းထန်ထန် ပစ်ကူပေးပြီး ခုခံခဲ့သည်။

- ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ရွှေဇားကျေးရွာနားမှာ ဩဂုတ် ၁ ရက်က အာရက္ခတပ်တော် (AA) နဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေ၊ RSO လက်နက်ကိုင်တပ်ဖွဲ့ဝင်တွေ တိုက်ပွဲပြင်းထန်နေပြီး စစ်ကောင်စီဘက်ကလည်း လေကြောင်း၊ ရေကြောင်းကနေ တိုက်ခိုက်ခဲ့ပါသည်။

- ဩဂုတ် ၆ ရက်တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ အုတ်ဖိုကန် ကျေးရွာအနီးကို စစ်ကောင်စီက ဂျက်ဖိုက်တာနဲ့ ပစ်ခတ် တိုက်ခိုက်ခဲ့ပါသည်။

- ဩဂုတ် ၁ ရက်က မုံရွာမြို့၊ အလုံဆိပ်ကမ်းမှ ချင်းတွင်းမြစ်အတိုင်း ဆန်တက်လာသည့် စစ်ကောင်စီ သင်္ဘော ၁၇ စီးကို ကနီမြို့နယ်၊ ရွှေစာရေးရွာနားအရောက်၌ PDF တပ်ဖွဲ့များက တိုက်ခိုက်သဖြင့် Mi35 ရဟတ်ယာဉ်ပေါ်မှ စက်သေနတ်နှင့် အချိန်အတန်ကြာ ပစ်ကူပေးခဲ့သည်။

- ဩဂုတ် ၂ ရက်တွင် ကျောက်မဲမြို့ရှိ စစ်တပ်၏ လက်ကျန် တပ်စခန်းဖြစ်သော ခမရ ၅၀၁ နှင့် ၅၀၂ တပ်စခန်းကုန်းကို တအာင်းတပ်မတော် TNLA က တိုက်ခိုက်ခဲ့ပြီး တိုက်ပွဲဖြစ်ပွားလျက်ရှိသော နေရာနှင့် ပတ္တမြားစေတီအနီးတဝိုက်ကို စစ်တပ်က Jet Fighter ဖြင့် ၇ ကြိမ် လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ အလားတူ နောင်ချိုမြို့နယ် သဲခေါ်ရွာကိုလည်း ဩဂုတ် ၂ ရက်တွင် စစ်တပ်နှင့် TNLA တို့ တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး စစ်တပ်က Mi-35 ရဟတ်ယာဉ်ဖြင့် ၁ ကြိမ် လာရောက်ပစ်ကူပေးခဲ့သည်။

- ဩဂုတ် ၁ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လောက်ကိုင်မြို့ရှိ ဆေးရုံကို စစ်ကောင်စီတပ်က လေကြောင်းမှ ဗုံးကြဲ တိုက်ခိုက်ရာ ပြည်သူဆယ်ဦးထက်မနည်း သေဆုံးခဲ့သည်။

- ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ကို စစ်ကောင်စီတပ်က ဩဂုတ် ၅ ရက်မှာ လေကြောင်းကနေ ၄ ကြိမ်ထက်မနည်း ဗုံးကြဲတိုက်ခိုက်ခဲ့လို့ ၆ ဦးထက်မနည်း သေဆုံးပြီး နေအိမ် ၂ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- ဩဂုတ် ၆ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့နယ်၊ နောင်ကော်ကြီးရွာအနီးကို စစ်ကောင်စီတပ်က ဗုံးကြဲတိုက်ခိုက်ခဲ့လို့ ရဟန်းတစ်ပါးနဲ့ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပါသည်။

- ဩဂုတ် ၇ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ရှိ (TNLA) တိုက်ခိုက်သိမ်းယူထားသည့် စစ်ကောင်စီဗျူဟာကုန်းကို စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှု ထပ်မံပြုလုပ်ခဲ့သည်။

## လက်နက်ကြီးဖြင့် တိုက်ခိုက်မှုများ

- ဩဂုတ် ၁ ရက်တွင် မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ အောင်ချမ်းသာရွာကို စစ်တပ်က လက်နက်ကြီးဖြင့် ပစ်ခတ်ရာ ပြည်သူ ၃ ဦး သေဆုံးပြီး ၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

- ဩဂုတ် ၁ ရက်၌ မကွေးတိုင်း၊ ရေစကြိုမြို့နယ်တွင် စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့၍ ပြည်သူတစ်ဦး သေဆုံးပြီး ကလေးနှစ်ဦးအပါအဝင် သုံးဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

- ရှမ်းပြည်နယ်တောင်ပိုင်း၊ ဆီဆိုင်မြို့နယ်၊ အရှေ့ဘက်ခြမ်းကရွာတွေကို စစ်ကောင်စီတပ်က ဩဂုတ် ၆ ရက်မှာ လက်နက်ကြီးတွေနဲ့ ပစ်ခတ်တာကြောင့် စစ်ဘေးဒုက္ခသည် အမျိုးသမီးနှစ်ဦး သေဆုံးခဲ့သည်။

- တနင်္သာရီတိုင်း၊ ပုလောမြို့နယ်၊ ဆင်ထိုးကြီးရွာမှာ ဩဂုတ်လ ၁ ရက်နေ့က ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တွေနဲ့ စစ်ကောင်စီတပ်တို့ တိုက်ပွဲဖြစ်ခဲ့ပြီး စစ်ကောင်စီတပ်ကပစ်ခတ်လိုက်တဲ့ လက်နက်ကြီးကျည် ထိမှန်တာကြောင့် ပြည်သူနှစ်ဦး သေဆုံးခဲ့ပါသည်။

## ဩဂုတ်လ ပထမအပတ်အတွင်း အခြားထိတွေ့တိုက်ပွဲ

- ဩဂုတ် ၁ ရက်တွင် ပဲခူးတိုင်း၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းအရှေ့ဘက်ရှိ လင်းယောခင်ကျေးရွာတွင် ကင်းပတ်ထွက်လာသော စစ်သားများကို တော်လှန်ရေးတပ်ဖွဲ့များမှ မိုင်းဆွဲပစ်ခတ်ခဲ့ရာ ငါးဦးသေဆုံးခဲ့သည်။

- ပဲခူးတိုင်း၊ ဖြူးမြို့နယ်၊ ညောင်ပင်သာမြို့ရှိ စစ်ကောင်စီတပ် တပ်စွဲထားသည့်နေရာကို ဩဂုတ် ၄ ရက်တွင် တော်လှန်ရေး တပ်ဖွဲ့များမှ  ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ စစ်သားနှစ်ဦးသေဆုံးခဲ့သည်။

- ချင်းပြည်နယ်၊ ထန်တလန်မြို့ရှိ စစ်ကောင်စီ၏ အဓိက တပ်စခန်းကုန်းဖြစ်သည့် ခလရ(၂၆၉) တပ်စခန်းကို ဩဂုတ် ၅ ရက်တွင် ချင်းပြည်ကောင်စီ ပူးပေါင်းတပ်ဖွဲ့များက သိမ်းပိုက်နိုင်ခဲ့သည်။

- ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ တီယန်ဇွပ်ကျေးရွာက စစ်ကောင်စီတပ်စခန်းကို KIA နဲ့ ပူးပေါင်းတပ်တွေက ဩဂုတ်လ ၁ ရက်တွင် စတင်ထိုးစစ်ဆင်ခဲ့ပြီး ဩဂုတ် ၂ ရက်တွင် သိမ်းပိုက်နိုင်ခဲ့သည်။

- ဩဂုတ် ၃ ရက်တွင် မကွေးတိုင်း၊ မြိုင်မြို့နယ်၊ ကိုင်းတောမရဲစခန်းနှင့် ရေစက်စောင့် စစ်သားများကို တပြိုင်တည်း ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ စစ်တပ်ဘက်မှ ၃ ဦး ထက်မနည်းသေဆုံးခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် ရဲဘော် ၂ ဦး ကျဆုံးခဲ့သည်။

- ဩဂုတ် ၃ ရက်တွင် မကွေးတိုင်း၊ ဆိပ်ဖြူမြို့နယ်တွင် လုံခြုံရေးယူရန် ထွက်လာသော စစ်ကြောင်းကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့မှ မိုင်းဆွဲတိုက်ခိုက်ရာ စစ်သား ၁၀ ဦးသေဆုံးခဲ့သည်။

- ဩဂုတ် ၁ ရက်တွင် မန္တလေးတိုင်း၊ မြင်းခြံမြို့ရှိ စစ်တပ်၏ ခမရ ၁၅ တပ်ရင်းကို တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့မှ ၄၀ မမ၊ ရော့ကတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ရာ စစ်သား ၁ ဦး သေဆုံးခဲ့သည်။

- မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ စမာတံတားအနီးတွင် ကင်းလှည့်နေသည့် စစ်တပ်စစ်ကြောင်းကို ဩဂုတ် ၂ ရက်တွင် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့မှ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်ဖွဲ့ဝင် ၂ ဦး သေဆုံးခဲ့သည်။

- မန္တလေးတိုင်း၊ ငါန်းဇွန်မြို့နယ်၊ နဝရတ်ရွာ ဘုန်ကြီးကျောင်းတွင် တပ်စွဲထားသော စစ်သားများကို ဩဂုတ် ၃ ရက်တွင် တော်လှန်ရေးတပ်ဖွဲ့များက ဒရုန်းဖြင့် ဗုံးကျဲ တိုက်ခိုက်ရာ စစ်တပ်ဘက်မှ ၄ ဦး သေဆုံးခဲ့သည်။

- ဇူလိုင် ၃၁ ရက်တွင် မွန်ပြည်နယ်၊ ရေးမြို့နယ်၊ နှစ်ကရင်ကျေးရွာထိပ်မှာ ဝင်ရောက်တပ်စွဲထားတဲ့ တပ်အင်အား ၄၀ နီးပါးရှိတဲ့ စစ်ကောင်စီတပ်ကို တော်လှန်ရေးအင်အားစုပူးပေါင်းတပ်ဖွဲ့တွေက ဝင်ရောက်တိုက်ခိုက်ခဲ့တာပါ။ ထို့အတူ ဩဂုတ် ၁ ရက်တွင် ရေးမြို့နယ်၊ နှင်းစုံကျေးရွာ ဘုရားကုန်းမှာ ဝင်ရောက်တပ်စွဲထားတဲ့ စစ်ကောင်စီတပ်ကို KNLA ဦးဆောင်တဲ့ တော်လှန်ရေးတပ်ဖွဲ့တွေက ဝင်ရောက်တိုက်ခိုက်ခဲ့ပါသည်။

- ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ရွှေဇားကျေးရွာနားမှာ ဩဂုတ် ၁ ရက်က အာရက္ခတပ်တော် (AA) နဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေ၊ RSO လက်နက်ကိုင်တပ်ဖွဲ့ဝင်တွေ တိုက်ပွဲပြင်းထန်နေပြီး စစ်ကောင်စီဘက်ကလည်း လေကြောင်း၊ ရေကြောင်းကနေ တိုက်ခိုက်ခဲ့ပါသည်။

- ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ နတ်မြစ်ဝရှိမောင်နီကျေးရွာ စစ်ကောင်စီစခန်းအား အာရက္ခတပ်တော် (AA) မှ ဩဂုတ် ၅ ရက်၌ ထိုးစစ်ဆင် တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်၊ ညောင်ပင်ကြီးဂိတ်ကို တော်လှန်ရေးတပ်ဖွဲ့များက ဇူလိုင် ၃၁ ရက်တွင် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်သားခြောက်ဦးသေဆုံးပြီး လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့သည်။

- ဩဂုတ်လ ၃ ရက်က စစ်ကိုင်းတိုင်း၊ မုံရွာမြို့ နည်းပညာတက္ကသိုလ်တွင် အထိုင်ချတပ်စွဲထားသော စစ်တပ်စခန်းကို တော်လှန်ရေးရဲဘော်များက Rocket ၂၇ လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ရာ စစ်သား ၃ ဦး သေဆုံးခဲ့သည်။

- ဩဂုတ် ၅ ရက်၌ စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်၊ ဝမ်းပြည့်ကျေးရွာအနီးတွင် စစ်ကားတစ်စီးကို တော်လှန်ရေးတပ်ဖွဲ့များ မှ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စစ်သား ၂ ဦး သေဆုံးခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်၊ ချောင်းဦးမြို့မရဲစခန်း၊ ထွေအုပ်ရုံးနှင့် ရဲစခန်းအနီး ဆက်ကြေးကောက်နေသော စစ်အုပ်စုကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များမှ ဩဂုတ် ၆ ရက်တွင် ဗုံးကြဲပစ်ခတ်တိုက်ခိုက်ခဲ့ရာ စခန်းမှူးအပါ အဝင် ၄ ဦး သေဆုံးခဲ့သည်။

- ဩဂုတ် ၄ ရက်တွင် ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်၊ ရွှေမုဋ္ဌောရွာကို စစ်အင်အား ဖြည့်တင်းလာသော စစ်တပ်နှင့် တအာင်းတပ်မတော် TNLA တို့ ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့သည်။

- ဩဂုတ် ၆ ရက်တွင် ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်၊ တောင်ခမ်းဒေသက မန်ကျည်းရေ၊ ရေဖြူစတဲ့ ကျေးရွာတွေမှာရှိတဲ့ စစ်ကောင်စီတပ်စခန်းတွေကို တော်လှန်ရေးအင်အားစုတွေ ထိုးစစ်ဆင်တိုက်ခိုက်နေပြီး တိုက်ပွဲပြင်းထန်နေပါသည်။

- ဇူလိုင် ၂၄ ရက်တွင် တနင်္သာရီတိုင်း၊ ထားဝယ်မြို့နယ်၊ မောင်မယ်ရှောင်ကျေးရွာရှိ ဒေသခံနေအိမ်တွေကို ဝင်ဖောက်တဲ့ စစ်ကောင်စီတပ်ကို ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့တွေက တိုက်ခိုက်ခဲ့တာကြောင့် ၁၀ ဦး သေဆုံးခဲ့သည်။

- ဩဂုတ် ၁ ရက်တွင် တနင်္သာရီတိုင်း၊ ရေဖြူမြို့နယ်ရှိ စစ်ကောင်စီရဲ့ ရေဖြူတံတားဂိတ်နဲ့ ဘုရားမဲစစ်ဆေးရေးဂိတ်တို့ကို YPPDF က ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီဘက်က ၃ ဦး သေဆုံးပြီး ၇ ဦး ဒဏ်ရာရရှိခဲ့ပါသည်။

- ဩဂုတ် ၅ ရက်တွင် တနင်္သာရီတိုင်း၊ ပုလောမြို့နယ်၊ ပလမြို့ရဲစခန်းနဲ့ အဲဒီအရှေ့မှာရှိတဲ့ စစ်ကောင်စီစစ်ဆေးရေးဂိတ်ကို တော်လှန်ရေးမဟာပူးပေါင်းတပ်ဖွဲ့တွေက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီဘက်က ၃ ဦး သေဆုံးပြီး ၂ ဦး ဒဏ်ရာရရှိခဲ့ပါသည်။

**ဩဂုတ်လ ၁ ရက်နေ့မှ ၇ ရက်နေ့အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**